E-book is created by ***www.shanyoma.org***

# မဲဇာဆို့ ရွှေလည်ထဲက

ထီးချိုင့်မောင်ငြိမ်းသာ

"မဲဇာ"ဟုကြားလိုက်သည်နှင့် မဲဇာတောင်ခြေအစချီသော ရတုခံစားချက်ကို မြန်မာတိုင်း သတိရနေကြပါသည်။ ထို့ကြောင့် မဲဇာအရပ်သည် စာရှုသူများနှင့်ကျွမ်းဝင်ပြီးနေပါသည်။ ကျွမ်းဝင်ပြီးသော မဲဇာမြစ်သည် ယခုအခါတွင် ထီးချိုင့်မြို့အောက်ပိုင်း ၈-မိုင်အကွာရှိ "ညောင်ပင်သာ"ရွာအနီးတွင် ဧရာဝတီမြစ်နှင့်ပေါင်းဆုံလျက် ရှိသည်။

## မဲဇာ နှစ်ရွာ

မဲဇာမြစ်ကမ်းတွင် "မဲဇာ"ဟူသော အမည်ဖြင့် ရွာနှစ်ရွာ တည်ရှိပါသည်။ မန္တလေး မြစ်ကြီးနားရထားလမ်းခရီးစဉ်တွင် ဘူတာရပ်သော "မဲဇာရွာ"(အင်းတော်မြို့နယ်)နှင့်ထီးချိုင့်မြို့နယ်အတွင်းရှိ "မဲဇာရွာ"တို့ဖြစ်ကြပါသည်။

E-book is created by ***www.shanyoma.org***

ယင်းနှစ်ရွာစလုံးမှာ မဲဇာမြစ်၏အရှေ့ဘက်ကမ်းမှာပင် တည်ရှိနေကြပြီး တရွာနှင့်တရွာ ၁၂-မိုင်မျှ ကွာဝေးပါသည်။ အလယ်တွင် “ကင်းစမ်းတောင်”ခြားပါသေးသည်။

ထို့ကြောင့် ဒေသခံလူများက မဲဇာမြစ်ရိုးမြစ်စဉ်ကို အပိုင်းကန့်ထားရာ မဲဇာမြစ်အထက်ပိုင်းသည် ကချင်ပြည်နယ်နှင့်ဗန်းမောက်မြို့နယ်တွင် ပါဝင်လျက် မဲဇာမြစ်အလယ်ပိုင်းသည် အင်းတော်မြို့နယ်တွင် ပါဝင်ပြီး မဲဇာမြစ်အောက်ပိုင်းသည် ထီးချိုင့်မြို့နယ်၌ပါဝင်ကာ ဖြတ်သန်းစီးဆင်း၍ ဧရာဝတီမြစ်နှစ်ပေါင်းဆုံပါသည်။ မဲဇာရွာများကို ရောထွေး၍ခေါ်မည်စိုးသဖြင့် ရထားလမ်းပေါ်ရှိ မဲဇာရွာအား “သံလမ်း မဲဇာ” ၊ သို့မဟုတ် “မဲဇာကြီးရွာ” သို့မဟုတ် “အထက်မဲဇာ”ဟု ခေါ်ကြသည်။ ထီးချိုင့်မြို့နယ်အတွင်းရှိ မဲဇာရွာအား “မဲဇာလေး”ရွာ သို့မဟုတ် “အောက်မဲဇာ”ဟု ခွဲခြားခေါ်လေ့ရှိကြပါသည်။

တတိယအဝမြို့တည်မင်း ဆင်ဖြူရှင်(၁၁၂၅-၁၁၃၈)လက်ထက်၌ မင်းလက်ဝဲသုန္ဒရအား ဒဏ်ခတ်ခဲ့၍ မဲဇာမြို့ရိုး အညာသစ်တောအတွင်း ပို့ဆောင်စေရာ (က)မည်သည့်နေရာရောက်ရှိ၍ စခန်းချထားကြောင်း (ခ) ထိုခေတ်ကာလ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်ယဉ်ကျေးမှုအကြောင်းတို့ကို အထောက်အထား ရှာရန်လည်း လိုလာပါသည်။

## မဲဇာကြီးရွာ

ဗြိတိသျှခေတ်၌ မန္တလေးနှင့်မြစ်ကြီးနား မီးရထားလမ်းဖောက်လုပ်ရာ မဲဇာမြစ်ကိုဖြတ်၍ သံတံတားတည်ဆောက်ရပါသည်။ ထိုတံတားကို သက္ကရာဇ် ၁၂၅၅-ခုနှစ်တွင်စပြီး ဆောက်ရာ ၁၂၅၈-ခုနှစ်မှ ပြီးစီးပါသည်။ ထိုတံတားတည်ဆောက်စဉ်ကာလ၌ သံလမ်းကုလားကူလီများ၊ အရပ်အလုပ်သမားများဖြင့် စည်ကားလျက် ရှိနေပါသည်။ ထိုစဉ်မြစ်ကူးတံတားအနီးမှ သဖန်းဆိပ်ရွာမှာ မဲဇာမြစ်ရေ တိုက်စားပြိုပျက်ရာ သံလမ်းအလုပ်သမားစုဝေးနေရာသို့ ပြောင်းရွှေ့လာကြသဖြင့် တစတစ ရွာဖြစ်လာပါသည်။ ၁၂၆၄-ခုနှစ်တွင် “မြစ်ကမ်းအုတ်ကျင်းရွာ”မှာလည်း မီးလောင်၍ ရွာပျက်ရာ လူစည်ကားစရှိသော သံလမ်းအနီးသို့ တိုးချဲ့ပြောင်းလာသဖြင့် ရွာကြီးတရွာ ဖြစ်လာကာ “မဲဇာရွာ”ဟု အမည်ပေးကြပါသည်။ တဖြည်းဖြည်း လူနေစိပ် အိမ်ခြေများလာသဖြင့် ဗြိတိသျှခေတ်၌ အစိုးရက ဘူတာစဉ်တွင် တိုးချဲ့သတ်မှတ်ပေးပါသည်။ ထို့ကြောင့် မဲဇာကြီးရွာမှာ ဗြိတိသျှခေတ်မှ စည်ကားခဲ့သော ရွာဖြစ်သဖြင့် လက်ဝဲသုန္ဒရခေတ်နှင့်နှိုင်းစာက ထိုနေရာသို့ရောက်ကြောင်း မရောက်ကြောင်း ပြဿနာမှာ ရှင်းသွားပါပြီ။

# မဲဇာလေးရွာ

မဲဇာလေးရွာသို့ ထီးချိုင့်မြို့မှ ကုန်းလမ်းအတိုင်း သွားလျှင် ၈-မိုင်ဝေးပါသည်။ ဧရာဝတီမြစ်နှင့်ပေါင်းဆုံသည့်ညောင်ပင်သာရွာ"မဲဇာမြစ်ဝ"မှ မြစ်စဉ်အတိုင်း ဆန်တက်သွားလျှင်-

(၁)ညောင်ပင်သာ

(၂)မယ်ဇလီ

(၃)ဒိုးပင်

(၄)မိချောင်းအိုက်

(၅)ဝဲကြီး

(၆)တောမ

(၇)မုတ်ဝ

(၈)လင်းပိုင်တင်

(၉)ဆင်ဖြူဆိပ်

(၁၀)ရေပေါက်ကြီး

(၁၁)ပေါက်ပင်ကွေ့

(၁၂)ဇီးသောင်

(၁၃)သာယာကုန်း

(၁၄)မဲဇာလေးရွာတို့ဖြစ်ပါသည်။

ထိုမဲဇာလေးရွာသို့ မြစ်ဝမှ ရေမိုင်အားဖြင့် ၁၉-မိုင်မျှ ကွာဝေးပါသည်။ မဲဇာလေးရွာ၏အနောက်ဘက်ကမ်းတွင် "လက်ဖား"၊ "စီတုံ"ဟူသော ရှမ်းရွာများမှာ ချုံနွယ်ကြိမ်တောများတွင် ရွာဟောင်းကုန်းအဖြစ် ရှိသည်ကို တွေ့ရသည်။

# မဲဇာမြစ်

မဲဇာဟူသောအမည်ကို ခွဲခြမ်းစိတ်ဖြာလျှင် (မဲ+ဇာ)ဖြစ်၍ မဲ=မဲသည်+ဇာ=ရေ အဓိပ္ပာယ်ဖြစ်ပါသည်။ ထို့ကြောင့် မဲဇာဟူသည် (ရေမဲမြစ်)ဟုအဓိပ္ပါယ်ရပါသည်။ ရေမဲမြစ်ခေါ်တွင်ရခြင်းကို ဆန်းစစ်ရာ ပင်မမြစ်ဖျားခံ၍ စီးဆင်းခဲ့သော မဲဇာမြစ်မှာ အမည်တွင်ရလောက်အောင် နောက်ကျိမဲညစ်ခြင်းမရှိပါချေ။ မဲဇာလေးရွာ အထက် ၁-မိုင်မျှဝေးသော အောင်သာကုန်းရွာတွင် အရှေ့ဘက်ကုံကော်တောင်ကြားမှဆင်းသော ကွမ်းဘောင်ချောင်းသည် မဲဇာမြစ်နှင့်ပေါင်းဆုံပြန်ရာ ညိုမဲညစ်ပုပ်နီကျံရင်းစွဲရှိသော ကွမ်းဘောင်ချောင်း၏လွှမ်းမိုးမှုကို ခံရသဖြင့် မဲဇာမြစ်အောက်ပိုင်းသည် မဲညစ်စွာ စီးဆင်းခဲ့ရသည်။

ကိုးသိန်းသခင်၏ညီတော် စော်ဘွား အဂ်ါ တည်သော မန်လည်ငါးရွာ(နန်းပါး၊ ခင်လိန်၊ အင်းတော၊ ပင်သည်၊ ကွမ်းဘောင်)အနက် ကွမ်းဘောင်ရွာအနီးတွင် ပေါင်းဆုံသည့် "မြွေဟောက်ချောင်း"နှင့်"မသာချောင်း"ပေါင်းဆုံရာမှ ကွမ်းဘောင်ချောင်းအဖြစ် စီးဆင်းပြီး မဲဇာမြစ်တွင်တဖန်ပေါင်းဆုံလာသဖြင့် မဲဇာမြစ်မှာ ဆိုးရွားသောမြစ်ဖြစ်ခဲ့ရတော့သည်။

ထို့ကြောင့် တောနှင့်တောင် မြိုင်နှင့်ချောင် အကျည်းတန်၍ အဟုန်ပြင်းသောမဲဇာရပ်ဝန်းသည် သမိုင်းခေတ်၏ရာဇဒဏ်မြေ ဖြစ်ခဲ့သည်မှာ မဆန်းပါချေ။

# မဲဇာရွာလည်

ဂျပ်ဆင်အဘိဓာန်၌ "မဲဇာရွှေလည်ကို ရာဇဝတ်သားတို့ ပို့ဆောင်ရာ ငှက်ဖျားထူသော သေရွာစခန်းဟု ယူဆသည့်အထက်မြန်မာပြည် မြစ်ဆုံအနီးဒေသ"ဟု ပြဆိုထားသည်။ တဖန် မဟာဆွေ၏ ဘိုးဝဇီရစာအုပ်၌ "ဧရာဝတီမြစ် အနောက်ဘက်မဲဇာချောင်းဟာ အနောက်က အရှေ့ကို စီးဆင်းတယ်။ မြစ်အရှေ့ကလဲ ရွှေလီမြစ်ဟာ တရုတ်ပြည်နယ်စပ်ကနေ စီးဆင်းတယ်။ ဒါကြောင့် မဲဇာရွှေလီလို့ခေါ်တာပေါ့"ဟု ရောထွေးဆက်စပ်တင်ပြထားပါသည်။

အနေအထား သဘာဝချင်းလည်း မတူ၊ ရေခံမြေခံချင်းလည်း ခြားနားနေသောမဲဇာမြစ်နှင့်ရွှေလီမြစ်သည် ဧရာဝတီမြစ်တွင် ပေါင်းဆုံခြင်းတူသော်လည်း မိုင်(၄၀)ခန့်ကွာဝေး

ကြပါသည်။ စာပေပညာရှင်များသည် (ရွှေလည်)နှင့်(ရွှေလီ)အရေးအမှတ် ချွတ်ချော်မှုကြောင့် ပြဿနာအရှုပ်အရှင်းများ ဖြစ်ခဲ့ရသည်။

မဲဇာရွှေလည်ဟု (ည)သတ်နှင့်ရေးသော ရွှေလည်သည် မဲဇာလေးရွာ၏အရှေ့ ၂-မိုင်ခန့်ရှိ ရွာအမည် ရွှေလည်ဖြစ်ပေသည်။ မဲဇာနှင့်မဲဇာရွှေလည်ဟူသောအမည်ကို တောင်ငူခေတ်နှောင်းအတွင်း အစောဆုံးတွေ့ရှိရပါသည်။ ယင်းအမည်ကို မော်ဖီမြို့သူကြီး ငါသောကြာ၊ နံအင်္ဂါ အသက် ၇၅၊ ငါ့စောပုန် တနင်းလာ အသက် ၅၅၊ ၎င်းတို့ ပေးသွင်းသောနယ်ပုံ စစ်တမ်း၌-

"သက္ကရာဇ်၂၂၈-ခု၊ တပေါင်းလပြည့်ကျော်(၉)ရက်၊ ဗုဒ္ဓဟူးနေ့သန်းလွဲ ၇-ဖဝါးတွင် သီရိဓမ္မာသောကမင်းကြီး တည်ထားပြုစုခဲ့သည့်အတိုင်း ထပ်၍ သက္ကရာဇ် ၉၆၉-ခု၊ တပို့တွဲလပြည့်ကျော် (၁၀)ရက်၊ အင်္ဂါနေ့တွင် ညောင်ရမ်းမင်းတရားကြီး အစုအငန်းလုပ်မြေ၊ နယ်မြေစားမြေ၊ ပယ်ခြားနယ်ခြား ၄-ရပ်၊ သစ်စည်းဝါးစည်း မြို့ပြကျေးရွာနယ်ပယ်၊ အစို့အငန်းစစ်တမ်း လူစုဖွဲ့ ဖြည့်သွင်းပေးသည့်ကာလတွင် အမတ်သရေပျံ့ချီနန္ဒယော်ဓာတို့ကို စေ၍ အထက်မြစ်စဉ်တလျှောက် မြို့ပေါင်း ကောင်းတုံမြို့၊ ကောင်းစင်မြို့၊ ရင်းခဲမြို့၊ ထီးချိုင့်မြို့၊ ငါရုံမြို့၊ မြတောင်မြို့၊ ချွန်းတောင်မြို့၊ တကောင်းမြို့၊ ကြာညှပ်မြို့၊ စမွာယ်နဂိုမြို့၊ ငါးပပ်ရွာ၊ စေည့်ကူးမြို့၊ ကျောက်ငွေ့း၊ ကျောက်မြောင်းမြို့၊ မန်လည်ငါးရွာ၊ ရေပေါ်မီးငါးရွာ၊ (မဲဇာရွှေလည်)မိုးတားမြို့၊ ငါရင်မြို့၊ ရွှေကူမြို့ စ၍ အောက်မြစ်စဉ်အတိုင်း မြို့ပေါင်း ၅၂၈၊ ရွာပေါင်း ၁၂၄၅-တည်သမှတ်သည်. . ."ဟုပါရှိသည်။ (မော်ဖီ ၉၆၉ ဇမ္ဗူဒီပဥဆောင်းကျမ်း)။

မဲဇာရွှေလည်အရပ်ကို မိုးညင်းမင်းတရားလက်ထက်၌ ရှေးက ပျက်စီးဖူးသော မြို့ရွာများအား ပြန်လည်တည်ထားခြင်းစာရင်းတွင် တွေ့ရှိရပါသည်။

## *ရှေးရေးကဗျာနှင့်ရွှေလည်ရွာ စစ်တမ်း*

*"မွေးမေလေးဆိုလို့ဆဲ၊ အိမ်ခွဲလို့ဆောက်ရအောင်*

*မဲဇာဆို ရွှေလည်ထဲက၊ ဝါးတွဲခွဲတဲ့မောင်*

*အိမ်နှစ်ဆောင် ကျယ်ကျယ်ဆောက်မှ*

*နေလောက်မယ် ပျိုသက်ထားရယ်*

*သားတွေကများ. . .* "ဟူ၍ ရှေးရေးကဗျာတပုဒ်တွင် စပ်ဆိုထားရာ၌ မဲဇာမြစ်တွင်း ရွှေလည်ရွာမှ ထွက်သောဝါးများကို ဖောင်ဖွဲ့တွဲဖို့ရန် အကြောင်းသာဖြစ်ပေသည်။

မဲဇာမြစ်အတွင်း ရွာရွှေလည်ဖြစ်ထိုက်ကြောင်း ငါ့သောကြာစစ်တမ်း၌ "ရွှေလည်ရွာမှ ပယ်ခြား နယ်ခြားလေးရပ်၊ သစ်စည်းဝါးစည်း ဝါးတွဲသူကြီး ငရေး နှစ်စဉ်ခွန်မ ခွန်သေး ၅၀၊ နတ်ကြီး ၉၀၊ တော ၁၂ရပ်၊ သစ်သီးခွန်၊ ဖယောင်းခွန်၊ ကြိမ်၊ သင်ဖြူး၊ ပျားရည်၊ လျှော်၊ အခွန်တော်များ၊ တနှစ် ၁၂၈ အခွန်သွင်းနယ်ပယ်ပုံ. . ."ဟုပါရှိရာ ရွှေလည်ရွာ ဝါးတွဲသူကြီး ငရေး အမှုထမ်းရာ ပယ်ခြား၊ နယ်ခြားလေးရပ် အပိုင်းအခြားကို ပြဆိုထားပါသည်။

ထို့ကြောင့် မဲဇာမြစ်အနီး ရွာရွှေလည်ကိုသာ ပြဆိုခြင်းဖြစ်၍ စာပေပညာရှင်များ ယူဆသကဲ့သို့ (မြစ်ရွှေလီ)မဟုတ်ကြောင်း ကောက်ချက်ချရန် ရှိပေသည်။

# မြစ်ရွှေလီ

ရွှေလီမြစ်သည် တရုတ်နိုင်ငံထန်ယွေး(မိုးပျဉ်း)အရှေ့မြောက်ဘက် မိုင် ၆၀-အကွာမှ မြစ်ဖျားခံပြီး အနောက်ဘက်သို့ စီးဝင်ကာ နမ့်ခမ်းမြို့အနီးမှ ဖြတ်သန်း၍ မိုးမိတ်နယ်သို့ ဝင်ပြီး မြစ်ဆုံသို့ ရောက်သောအခါ မြောက်ဘက်သို့ လှည့်စီးလျက် "အင်းရွာ"အထက်တွင် ဧရာဝတီနှင့်ပေါင်းဆုံပါသည်။

ရွှေလီမြစ်ကို ချီခင်လွင်ပြင်သို့မရောက်မီ တရုတ်တို့က 'လွန်ကျန်'(ဝါ)'လွန်ချွန်ကျန်' ဟုခေါ်၍ ရှမ်းတို့က(နမ့်ယန်)ဟုခေါ်ကြသည်။ ချီခင်လွင်ပြင် ကျော်သောအခါ (နမ့်စော) ဟုတွင်ပြန်သည်။ အရှည်အားဖြင့် မိုင် ၂၆၀-ရှိ၍ မြစ်ဆုံရောက်မှ မြစ်ကြောင်းကျယ်လာသည်။ (မိုးကုတ်နယ်မှ စီးဆင်းသည့် အင်းချောင်းနှင့်မိုးမိတ်အနီး စီးသည့် နမ့်မိတ်ချောင်း တို့ရွှေလီမြစ်ထဲ ပေါင်းဆုံရာကို မြစ်ဆုံဟု ခေါ်သည်။)

ရွှေလီမြစ်ဝန်းနေ ရှမ်းတို့က ကျဉ်းမြောင်းသော ချောက်ကြိုမြောင်ကြားမှ စီးလာသည်ကို စွဲ၍ 'ရှည်လီ၊ ဟွေလီ'ဟူ၍လည်းကောင်း၊ အေးမြ၍ နီညိုသော အဆင်းရှိသဖြင့် နမ့်မင်း(ဝါ)နမ့်မောဟု ခေါ်ကြ၏။ ရွှေလီမှာ ငါးမည်ရမြစ်ဖြစ်ပါသည်။

ထို့ကြောင့် မဲဇာမြစ်နှင့်ရွှေလီမြစ်သည် အခေါ်နီးသော်လည်း မိုင်အားဖြင့် များစွာ ကွာလှမ်းလှပါသည်။ အမည်တူ အမှတ်မှားပြဿနာမှာ စာပေနယ်၌ တင်ကျန်လျက်ရှိသည်ကို ကွက်လပ်ဖြည့်ဖို့ လိုအပ်လာပါသည်။

## ဂျော့စကော့၏မဲဇာတောင်

ဂျော့စကော့၏မှတ်တမ်းအရ "မဲဇာသည် ကသာခရိုင် အနောက်မြောက်စွန်း တောင်သုံးလုံးအကြား စီးဆင်းသော မြစ်ငယ်ဖြစ်သည်။ ယင်းမြစ်သည် အရှေ့တောင်ယွန်းယွန်းသို့ စီးဆင်းကာ(ထီးချိုင့်အထက်နား)ဧရာဝတီမြစ်အတွင်း စီးဆင်းသည်။ ၇-လပိုင်းတွင် မြစ်အတွင်း လှေငယ်များ မိုင် ၁၀၀-အထိ သွားလာနိုင်၍ ဂျူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် မိုင် ၈၀-အထိ ဆန်တက်နိုင်သည်။ မြန်မာမင်းလက်ထက်(မဲဇာတောင်ကြား)မှ ဥတုသပ္ပါယမမျှသဖြင့် နိုင်ငံအဝန်းမှ အပြစ်ရှိသူတို့ကို ပို့ဆောင်ရာဒေသဖြစ်ခဲ့သည်။ သတ်မှတ်သည့်ကာလအထိ ရာဇဝတ်ပန်းကို ခံယူပြီးနောက် သတ်မှတ်သည့်နယ်ပယ်အတွင်း လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိသည်ဟု Gazetteer of Upper Burma and Shan States ၌ ဖေါ်ပြထားသည်။

မဲဇာမြစ်သည် ဗန်းမောက်မြို့ နယ်စပ်အဆုံး"နန့်ဂဇော"၊ "ကာချိုင်"၊ "လော့ပန်းထူ" ရွာများ၏အထက် ကချင်နယ်စပ် တောင်သုံးလုံးတောင် ကလပ်နောင်မီတောင်မှ မြစ်ဖျားခံပြီး ပေ ၃၀၀၀နှင့်ပေ၄၀၀၀-အောက် တောင်များကို ပတ်ဆင်းကာ မဲဇာအလယ်ပိုင်းဘုံချောင်း တောင်ကန့်လန့်၊ မင်းဝံတောင်၊ စကားပင်တောင်၊ ဂျုံးဂျုံးကျရစ်ဆွဲတောင်၊ သစ်မုံညိုတောင်၊ အင်တောင်၊ ကင်းစမ်းတောင်များကို ပတ်ဆင်းခဲ့ပြီး ဧရာဝတီ၌ ပေါင်းဆုံပါသည်။ တောင်ကြားမှသာ ရစ်ခွေဆင်းခဲ့ရာ ဂျော့စကော့ဆိုသကဲ့သို့ သီးခြား(မဲဇာတောင်) ဟူ၍ မရှိချေ။

## မဲဇာအရပ်

လက်ဝဲသုန္ဒရအမတ်ကြီး မဲဇာလေးရွာ ရောက်စဉ်က မဲဇာမြစ် အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းအရပ်များသည် နေရောင် မထိုးဖောက်နိုင်အောင် ကြိမ်တော၊ ဝါးတော၊ သစ်တောများ ယှက်ဆိုင်းကာဆီးလျက်ရှိ၏။ ဤအကြောင်းကို အမတ်ကြီးက. . .

*“အဆိုင်ဆိုင်လျှင်၊ တောမြိုင်လည်လှည့်၊ ကမ်းလုံးပြည့်မျှ၊ ရှုကြည့်လေရာ၊ ကြောက်ဖွယ်သာတည့်၊ ပြာပြာလွလွ၊ မှိုင်းပျမှောင်မှောင်၊ တောနှင့်တောင်လည်း၊ တိမ်တောင်မိုးရှိ၊ ထွေးရောငြိမျှ၊ လွမ်းမိစဖွယ်၊ ကောင်းကင်လည်လျက်၊ တောင်လယ်တောင်ထိပ်၊ မိုးညို့ရိပ်နှင့်၊ တိမ်လိပ်ဆော်ညွှန်း၊ စ၍ထွန်းသည်၊ နေဝန်းပေါ်လွင် ချင်ဘိသည်. . .”*ဟူ၍ ကဗျာသီဖွဲ့ခဲ့၏။

မဲဇာအရပ်၌ နေထိုင်သူများမှာ ရှမ်း၊ ကတူး၊ ဂဏန်းလူမျိုးများသာ များပြားလှ၏။ ထို့ကြောင့် အမတ်ကြီးက-

“ဘာသာကွဲဝမ်း၊ တောမြိုင်ဝှမ်းဝယ်၊ အချမ်းမတူ၊ အပူမမျှ၊ ကြုံဘိရနှင့်. . .”ဟုဝေဿန္တရာဇာတ်ချီရတုတွင်၌ ထည့်သွင်းစပ်ဆိုထားပါသည်။ (ယခုအခါ မဲဇာအရပ်လူများမှာ မြန်မာနှင့်သွေးချင်းရောလျက် ဒေသခံလူမျိုးများ ပျောက်ကွယ်သော်လည်း ဓလေ့ထုံးစံများ ကြွင်းကျန်လျက်ရှိပါသည်။ မဲဇာလေးအထက် အင်းတိန်၊ လေသာရွာရှိ လူကြီးအချို့သာ ရှမ်းစကားကို ပြောကြတော့သည်။)

ဘာသာစကားကွဲသော်လည်း အယူဝါဒမှာ မြန်မာ့အစဉ်အလာ ပူဇော်မှုရှိခဲ့သည်။ အမတ်ကြီးအနေဖြင့်လည်း လူမျိုးခြားအကြားနေထိုင်စေကာမူ ဘာသာရေးကို စည်းရုံးလှုံ့ဆော်ခဲ့ကြောင်း မဲဇာလေးရွာရှိ သာသနိကအဆောက်အအုံများကိုရှုက သိနိုင်လှသည်။ အမတ်ကြီးသည်. . .

*“ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဒါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား”*ဟု စပ်ဆိုထားရာ မဲဇာအရပ်တွင် ကဆုန်ညောင်ရေသွန်း ပူဇော်ခဲ့သော ရွှေဂူတော်ဘုရားတို့မှာ ယခုအခါ မဲဇာလေးရွာနှင့်ကိုက် ၂၀၀-ကွာဝေးသော အရှေ့မြောက်ထောင့်တွင် အုတ်ပုံအဖြစ် တွေ့ရတော့သည်။

## လွမ်းစေတီများ

ရာဇဝတ်သားအမတ်ကြီးသည် ကျဉ်းမြောင်းရှုပ်ထွေးသော မဲဇာမြိုင် မပျော်ပိုက်နိုင်ပဲ ရတနာသိမ်သို့မျှော်မှန်း၍ အလွမ်းဖြာဝေရရှာ၏။ ဆင်ရာတိမ်ခေါ် နတ်တော်မိုး သွန်းဖြိုးစွေရွာသောကာလ၌ ယိုဖိတ်ပုံ့ကျယ်သည့်လွမ်းစိတ်များ ပြေပျောက်ရန် ရည်သန်လျက် ဆင်ဖြူရှင်၏ဘိုးတော်(သီရိမဟာဓမ္မရာဇာဘွဲ့ခံ မင်းညိုစံ)တည်ထားပြီးဖြစ်သော ပြည်ရွှေဘိုရှိ-

*"တန်ဆောင်းတစည်း၊ ပန်းလည်းတစုံ၊ စည်းခုံနှစ်ဆူ၊ ရွှေဂူနံသင့် စေတီမြင့်"*တို့ကို ရည်ရော်လျက် စေတီတော် ၁၃-ဆူ၏ပုံတူကို မဲဇာလေးရွာ၌ တည်ထားကိုးကွယ်ခဲ့သည်။

ယင်းစေတီတော် ၁၃-ဆူ၏ဘွဲ့အမည်များကို "ပတ်သန်းဆွေအိုင်"ချီရတုတွင် ထည့်သွင်းရေးစပ်သီဆိုခဲ့ခြင်း ဖြစ်ပါသည်။ ထိုစေတီ ၁၃-ဆူ၏ဘွဲ့အမည်များမှာ-

(က) ဇမ္ဗူဆီမီး ၁-ဆူ (ခ) ဂူကြီး ၂-ဆူ (ဂ) ရွှေလင်းပင် ၁-ဆူ (ဃ) ရွှေခြသေ့် ၁-ဆူ (င)မြွေစေတီ ၁-ဆူ (စ) ရွှေတန်ဆောင်း ၁-ဆူ (ဆ) ရွှေတန့်ဆည် ၁-ဆူ (ဇ) ရွှေပန်းလဲ ၂-ဆူ (ဈ) စည်းခုံ ၂-ဆူ နှင့် (ည) ရွှေဂူ ၁-ဆူ စုစုပေါင်း ၁၃-ဆူဖြစ်ရာ စေတီတော်များကို ယခုမဲဇာလေးရွာထိပ် ဘုန်းတော်ကြီးကျောင်းဝင်းတွင် ၁၁-ဆူရှိပေသည်။ နှစ်ကာလကြာ၍ အုတ်ပုံအတိ ယိုယွင်းလျက်ရှိပါသည်။ တည်ထားပုံမှာ မဲဇာမြစ်နှင့်အပြိုင် ၂-ဆူစီတန်း၍ တည်ထားပါသည်။ တဆူမှာ အရှေ့မြောက်ထောင့် ကိုက် ၂၀၀တွင် လယ်ကွင်း၌ ထီးထီးရှိလျက် ကျန် ၁-ဆူမှာ ကျောင်းအရှေ့ဘက် ခဲတပစ်ခန့်တွင် ကိုင်းချုံအတွင်းတောင်ပို့အဖြစ် ငုပ်လျှိုးနေကြောင်း တွေ့ရသည်။

ကုန်းဘောင်ခေတ် ရုပ်ကြွင်းများသည် စာပေသုတေသီတို့အား ဖိတ်ခေါ်ကြိုဆိုလျက်ရှိနေပါသည်။ ယနေ့ မဲဇာကို တွေ့ရှိပါက အမတ်ကြီး ပျော်နေပေမည်။ ပြန်ချင်မည်လည်း မဟုတ်ပေ။ ကြိမ်တောနေရာများတွင် စိုက်ကွင်းပြင်အဖြစ် အရှေ့ဘက်ကမ်းတခိုတွင်လည်းကောင်း၊ နိုင်ငံအတွက် အဖိုးတန်သစ်(အာရှဘဏ်ဖွံ့ဖြိုးစီမံကိန်းသစ်)များကို မဲဇာအနောက်ဘက်ကမ်း သစ်တောမှလည်းကောင်း၊ မဲဇာတော မန်ကျည်းပင်ဆင်ကျုံးမှ နိုင်ငံတော်ဆင်များကိုလည်းကောင်း ပေးဝေငှနေပါသည်။ သယံဇာတဖြိုးကြွယ်သော မဲဇာအလှသည် ပြည်သူများ အရိုးစွဲနေသည့် ငှက်ဖျားတော၊ သစ်ကျားတော ဟူသည့်ယုံကြည်မှုကို ပြောင်းလဲစေကာ သမိုင်းတခေတ် သစ်ခဲ့ပေပြီ။

လက်ဝဲသုန္ဒရ၏စေတီများကို ၁၃၂၅-ခုနှစ်က မန်ကျည်းပင်ဆရာတော်ဦးဂန္ဓမာ (ပျံလွန်)သည် ဘုရားများပြုပြင်ရန် ချိန္တယ်များ ရှင်းလင်းခဲ့သည်။ မအောင်မြင်ခဲ့ပေ။ မဲဇာလေးဆရာတော် ဦးသီရိန္ဒ ဆက်လက်ပြုပြင်ရာ တဆူသာပြီးသော်လည်း ထီးမတင်ရမီ အရပ်နှင့်စကားများ၍ ထွက်သွားပါသည်။ ထိုထီးမတင်ရသော စေတီကို ကသာမြို့ရဲမှူးကြီး ဦးမြလှိုင်က ဦးစီး၍ ထီးတော်တင်ခဲ့ပါသည်။ ကျန်သောမင်းလက်ဝဲ၏စေတီများမှာ အပျက်ဘဝမှ မတက်ရပဲ ဆက်ကြမည့် ဒါယကာကို အခါခါ ရော်ဆလျက် မျှော်တ,ကာရှိနေကြပါသည်။

ဤဆောင်းပါးကို မဲဇာရွှေလည်အယူအဆများ၊ မဲဇာအညာသစ်တောသို့ အမတ်ကြီးအား ပို့ဆောင်စေရာ မည်သည့်နေရာရောက်ကြောင်း သိသာနိုင်ရန်နှင့်စာပေပညာရှင်များ

ဆက်လက်သုတေသနပြုနိုင်ရန် ဒေသခံနယ်မြေဖြင့် ပူးပေါင်းလေ့လာတင်ပြအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မဲဇာသစ်တောအတွင်း အမတ်ကြီးသည် ၄၅-ရက်ကြာ နေထိုင်သည်ဟုလည်းကောင်း၊ ၅၅-ရက်ကြာ နေထိုင်သည်ဟုလည်းကောင်း အယူအဆများရှိနေကြခြင်း၊ နေချမ်း လူချမ်းပြဿနာ၊ ကင်းစမ်းလေနှင့်ပတ်သက်သမျှ ဝါဒကွဲများရှိနေသောကြောင့်ပင်တည်း။

(ဤဆောင်းပါးရေးရာတွင် (၁)ဇမ္ဗူဒီပဥဆောင်းကျမ်း (၂) မိုးမိတ်ရာဇဝင် (၃) မြန်မာ့စွယ်စုံကျမ်း (၄) အထက်မြန်မာပြည် ဂေဇက်တီးရားနှင့် (၅) ရွှေလည်ဆားတွင်း ဘုန်းတော်ကြီးကျောင်းမှရသည့် ၁၁၉၅-ခုနှစ် ရေးကူးပုရပိုက်မူတို့ကို ကိုးကားညှိနှိုင်းပါသည်။)

ထီးချိုင့်မောင်ငြိမ်းသာ

မှတ်ချက်။ ။ငွေတာရီမဂ္ဂဇင်း၊ ၁၉၈၁-ခုနှစ်၊ ဩဂုတ်လထုတ်၊ စာမျက်နှာ(၃၇ မှ ၄၁ထိ) ၌လာရှိသောဆောင်းပါးကို ပြင်ဆင်ခြင်းမရှိပဲ မူရင်းအတိုင်းရိုက်နှိပ်ထားပါသည်။